ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်

# ပဲခူးတိုင်းဒေသကြီး၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်**

**ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ ။ )**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ( ၇ ) ရက်

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ( ၉ ) ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဇယား(၁)နှင့်(၂)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင်ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ညဏ်ဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀၃၁.၉၅၉ | | | ၅၃၁.၇၆၀ | | | | | ၂၅၆၃.၇၁၉ |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၄.၅၆၂ | | | ၅၄.၀၅၀ | | | | | ၈၈.၆၁၂ |
| | ၃ | တိုင်းဒေသကြီးတရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | | ၂၃၄.၆၃၃ | | | | | ၂၃၄.၆၃၃ |
| ၄ | ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၂၇.၁၀၀ | | | | | | | | ၂၇.၁၀၀ |
| ၅ | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၁.၀၁၀ | | | | | | | | ၄၁.၀၁၀ |
| | | ပေါင်း | | ၂၁၃၄.၅၂၇ | | | ၈၂၀.၄၄၃ | | | | | ၂၉၅၅.၉၇၀ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၈၂·၄၇၄ | | | ၈၁·၄၁၆ | | | | | ၁၆၃·၈၉၀ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၈၁·၈၂၄ | | | ၈၁·၄၁၆ | | | | | ၁၆၃·၂၄၀ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀·၆၅၀ | | | | | | | | ၀·၆၅၀ |
| ၂ | ၂ | | သမဝါယမ | ၄င်း | ၄·၄၃၅ | | | | | | | | ၄·၄၃၅ |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၄·၄၃၅ | | | | | | | | ၄·၄၃၅ |
| ၃ | ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | ၁၄၃·၂၅၄ | | | | | | | | ၁၄၃·၂၅၄ |
| | | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၅၃·၅၁၀ | | | | | | | | ၅၃·၅၁၀ |
| | | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၈၉·၇၄၄ | | | | | | | | ၈၉·၇၄၄ |
| | ၄ | | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | ၁၃၇·၉၅၉ | | | | | | | | ၁၃၇·၉၅၉ |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၈·၉၇၉ | | | | | | | | ၈·၉၇၉ |
| | | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၂၅·၈၃၃ | | | | | | | | ၁၂၅·၈၃၃ |
| | | ၃ | ပျားလုပ်ငန်းဌာန | | ၃·၁၄၇ | | | | | | | | ၃·၁၄၇ |
| ၅ | ၆ | | အားကစား | ၄င်း | | | | ၄·၀၃၀ | | | | | ၄·၀၃၀ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | ၄·၀၃၀ | | | | | ၄·၀၃၀ |
| ၆ | ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၃·၁၀၀ | | | | | | | | ၃·၁၀၀ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃·၁၀၀ | | | | | | | | ၃·၁၀၀ |
| ၇ | ၉ | | ဆောက်လုပ်ရေး | ၄င်း | ၁၁·၇၁၃ | | | ၆၈၁၂·၃၁၀ | | | | | ၆၈၂၄·၀၂၃ |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၁·၇၁၃ | | | ၂၃·၆၆၀ | | | | | ၃၅·၃၇၃ |
| | | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းခြင်း | | | | | ၆၇၈၈·၆၅၀ | | | | | ၆၇၈၈·၆၅၀ |
| ၈ | ၁၀ | | အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၄င်း | ၀·၁၁၆ | | | | | | | | ၀·၁၁၆ |
| | | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၀·၁၁၆ | | | | | | | | ၀·၁၁၆ |
| | ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၁၄၈·၂၈၇ | | | | | | | | ၁၄၈·၂၈၇ |
| | | | ပေါင်း | | ၅၃၁·၃၃၈ | | | ၆၈၉၇·၇၅၆ | | | | | ၇၄၂၉·၀၉၄ |